# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၁၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၇-၂-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်(ကိုယ်စား) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများ အနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရမည့် ကျေးရွာ အုပ်စုများသို့ နိုင်ငံတော် ခရီးစရိတ်အသုံးပြု၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **ရွှေဘိုမြို့နယ်အတွင်းရှိ အဆစ်ပိုးကြောင့် စပါးခင်းများပျက်စီးသဖြင့် စိုက်ပျိုးစရိတ် ချေးငွေ ပေးဆပ်ရမည့်ကာလကို နောက်ဆုတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့နယ်၊ ပြည်သူ့ဆေးရုံကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်(ကိုယ်စား) ဦးဇင်းဝမ်၊ နန်းယွန်း မဲဆန္ဒနယ်၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အမှတ်လျှော့ပေါ်လျက် တက်ရောက်ခွင့် ပြုထားသော ဆရာဝန် သင်တန်းသူ/သားများ မည်မျှ တက်ရောက်ခွင့် ရရှိထားသည်၊ မည်သည့်တိုင်းဒေသမှ ဖြစ်သည်ကို သိလိုပါသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်ရှိ တိုင်းရင်း ဆေးကုဌာနအား မြို့နယ်ရုံးဆောက်လုပ်ရန်(ပေ ၈၀'X ပေ ၆၀') ဧရိယာ (၀.၀၉၂)ကေ ချမှတ်ပေးပြီး ဖြစ်သည့်အတွက် ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ် (သို့) ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေး နှစ်များတွင် မြို့နယ်ရုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်း မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမြို့နယ်တွင် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်များနှင့် ဆရာဝန်များ၏ နေအိမ်များအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာမှ ကျီးပင်စုကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်းမကြီးအား ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုန်းမြို့နယ်ရှိ မိုင်းပြင်းကျေးရွာ အုပ်စုနှင့် နားပုံကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် မိုင်းပြင်း–နားပုံလမ်း (၁၃)မိုင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာ ပြည်သူလူထုနှင့် ကျောင်းသား/သူများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် နေ့စဉ်အသုံးပြုနေကြရသော ကျေးရွာကျောင်းတက်လမ်းအား ကျောက်ချော လမ်းအဖြစ် ခင်းကျင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းတို့အား ကျောက်ချောလမ်း ခင်းပေးရန်နှင့် မိုင်းပွန်ဒေသမှ ဆင်ခြေဖုံး ကျေးရွာအုပ်စု လုံအောင်ရွာသွား ကျောက်ချောလမ်းပေါ်ရှိ တံတား များနှင့် ရေပြွန်များအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“၂၀၁၃ ခုနှစ်၊ စာချုပ်စာတမ်းတော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း”** ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသော **“စံချိန်စံညွှန်း သတ်မှတ်ခြင်း ဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဆက်လက် ကျင်းပမည့် အစည်းအဝေး ၁၆ ရက်မြောက်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။